# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

## ၂၂ ရက်မြောက်နေ့ အစီအစဉ်

## [ ၆–၃–၂၀၁၄ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသာဝင်း၊ ရန်ကင်း မဲဆန္ဒနယ်(ကိုယ်စား) ဦးမောင်မောင်စိုး၊ သာကေတ မဲဆန္ဒနယ်၏ **ရန်ကုန်–နေပြည်တော်–မန္တလေး အမြန်လမ်းမကြီး တစ်လျှောက် မည်သည့်နေရာတွင်မဆို လက်ကိုင်ဖုန်းအားလုံး ဆက်သွယ်နိုင်ရေးအတွက် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးအုန်းငွေ၊ မြောင် မဲဆန္ဒနယ်၏ **မြောင်မြို့နယ်၏ ဆက်သွယ်ရေးစခန်းတွင် မိုဘိုင်းဖုန်းတိုင် သုံးတိုင်ပြည့်အောင် စိုက်ထူခွင့်ပြုပေးရန်နှင့် Sim Card များကို အခြားမြို့နယ်များထက် ပိုမိုခွင့်ပြုရောင်းချပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်၏ **ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်ကြားရှိ ကျေးရွာများအတွက် GSM တာဝါတိုင်များ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစိုင်းသိဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်(ကိုယ်စား) ဦးစိုင်းဝင်းခိုင်၊ သိန္နီ မဲဆန္ဒနယ်၏ **မိုင်းရယ်မြို့နယ်၊ မန်မုံကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးရန်နှင့် မန်ကြူ၊ မန်ဖိုင်၊ လုံလိုင်း၊ မိုင်းကောင်ကျေးရွာအုပ်စုတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ မရှိသေးသဖြင့် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးကျော်တင်ရွှေ၊ မိုင်းရှူး မဲဆန္ဒနယ်၏ **မိုင်းရှူးမြို့နယ်ရှိ နားဝိုင်၊ ဝမ်လွယ်၊ လွိုင်ငိုင်း၊ နားစံ၊ ဖာယ၊ ဟဲပါကျေးရွာအုပ်စုများတွင် ကျေးလက်ကျန်းမာရေး အဆောက်အအုံများ ဆောက်လုပ်ပေးရန်နှင့် မိုင်းရှူးမြို့နယ် ပြည်သူ့ဆေးရုံ၏ ဝန်ထမ်းအိမ်ရာများ ပျက်စီးနေခြင်းကို ပြန်လည် ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) သူရဦးအောင်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **နာဂစ်၊ ဆူနာမီကဲ့သို့သော သဘာဝဘေးအန္တရာယ်ဆိုးကြီးများနှင့် ကြုံတွေ့ရချိန်တွင် ပြည်သူများကို ကယ်တင်စောင့်ရှောက်နိုင်ရန် အတွက် မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းအား လိုအပ်သော ဖွဲ့စည်းမှု၊ လေ့ကျင့်မှုများ တိုးတက်ရန် သက်ဆိုင်ရာဌာနများမှ စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့နယ်၊ တောင်ကြား ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ချထားပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၃ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။